ဘွေကြီးကျေးရွာ

တလုတ်ရင်းကျေးရွာအုပ်စု၊ မင်းလှမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဘွေကြီးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ ၊ ၂၀၁၈

# မာတိကာ


မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဘွေကြီးကျေးရွာ၏ ကျေးရွာ သူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်း ဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း စဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များ ကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက် များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက် အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရ ဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာလ ၊ ၂၀၁၈ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘွေကြီးကျေးရွာ

မင်းလှမြို့နယ်


မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ တလုတ်ရင်းကျေးရွာအုပ်စု၊ ဘွေကြီးကျေးရွာ ၏ သယံဇာတမြေပုံ
၂၄/၅/၂၀၁၈
SHOT ON REDMI NOTE5

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

ဘွေကြီးကျေးရွာသည် တလုတ်ရင်းအုပ်စုတွင်ပါဝင်ပြီး ၊ မင်းလှမြို့မှ (၃၅)မိုင်ခန့်အကွာ အဝေးသရက်-မင်းလှကားလမ်းမကြီး၏ အနောက်ဖက် (၅)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြေအနေအထားမှာ တောင်မှ မြောက်သို့ ဆင်ခြေလျောပုံစံဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် သဲဖြူချောင်းရှိပါသည်။ ကျေးရွာနှင့် ဆက်သွယ်သွားလာသည့်လမ်းများသည်လည်း မြေသားလမ်းများ ဖြစ်နေခြင်းကြောင့် မိုးရာသီတွင် ချောင်းရေကြီးခြင်းနှင့် ရွှံ့ဗွက်ထူးခြင်းတို့ကြောင့် သွားလာမှုခက်ခဲပါသည်။ အဓိက စိုက်ပျိုးသီးနှံများမှာ နှမ်းနှင့် ပဲမျိုးစုံ စိုက်ပျိုးကြပါသည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မင်းလှမြို့နယ် ၊ တလုတ်ရင်းအုပ်စု ၊ ဘွေကြီးကျေးရွာသည် စပါးအနည်းငယ် ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံအများဆုံး ထွက်ရှိရာဒေသဖြစ်ပါသည်။ ကျေးရွာတွင် မိုးကောင်းလယ်များ ရှိပြီး ယာမြေ ၊ ကိုင်းမြေများလည်း ရှိပါသည်။ သဘာဝဆေးဖက်ဝင်အပင်များရှိသော်လည်း အသိပညာ ဗဟုသုတ နည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှုအားနည်းပါသည်။ ကျေးရွာတွင် စားကျက်မြေများ ကျယ်ပြန့်စွာ ရှိပါသည်။

ရာသီဥတု ဖောက်ပြန်ခြင်းကြောင့် မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းတို့ကို နှစ်စဉ်လိုလို တွေ့ကြုံခံစားကြရသည်။ ဘွေကြီးကျေးရွာသည် မြန်မာပြည်အလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသတွင် တည်ရှိပါသည်။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဘွေကြီးကျေးရွာသည် ကျေးရွာ ရွာခွဲအုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ သာရေး ၊ နာရေး ၊ လူမှုရေးကိစ္စရပ်များနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံများကို ဝိုင်းဝန်းဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့ ၊ ရပ်မိရပ်ဖ ၊ လမ်းကော်မတီ ၊ ပရဟိတအဖွဲ့ ၊ မီးလင်းရေးကော်မတီ၊ ရေရရှိရေးကော်မတီနှင့် ကျောင်းဖွံ့ဖြိုးရေးကော်မတီတို့ ရှိပါသည်။ ရပ်မိရပ်ဖများ ၊ အုပ်ချုပ်ရေးအဖွဲ့များ ၊ လူငယ်များ စုပေါင်းတိုင်ပင်၍ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျှက်ရှိပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာ ဓနအစား ခွဲခြားမှု နည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရပါသည်။ ဆင်းရဲသည်ဟု သတ်မှတ်ထားသူများသည် မြေယာမဲ့များဖြစ်ပြီး ကျပန်းအလုပ်သမားများဖြစ်ကြ သည်။

ကျေးရွာရှိ စိုက်ပျိုးမြေပိုင်ဆိုင်သည့် တောင်သူများသည် လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စုများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကျပန်း လုပ်ကိုင်ခြင်း ၊ တိုင်းနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ခြင်းများဖြင့် စားဝတ်နေရေးကို ဖြေရှင်းနေကြရသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား ဆောင်ရွက်သော်လည်း သီးနှံအထွက်နှုန်းမကောင်းခြင်း ၊ ဈေးကောင်းမရရှိခြင်းတို့ကြောင့် အခက်အခဲများရှိပါသည်။ နွား နှင့်ဝက်ကို တပိုင်တနိုင် စီးပွားဖြစ်မွေးမြူလုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးနည်းပညာ အားနည်းမှု ၊ မိရိုးဖလာနည်းကိုသာ အားကိုးအားထားပြုနေရမှုများကြောင့် ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ မြေယာပိုင်ဆိုင်မှုနှင့် နိူင်းယှဉ်လျှင် အဆင်ပြေမှု အားနည်းသည်ကို တွေ့ရသည်။ စားဝတ်နေရေး အဆင်မပြေမှုများကြောင့် လူငယ်များနှင့် မြေယာမဲ့များမှာ ထိုင်း ၊ မလေးရှားနိုင်ငံများသို့ သွားရောက်ရခြင်းများရှိသည့်အတွက် ပြည်တွင်းလုပ်အား ယိုစိမ့်မှုများရှိခြင်းသည် ကျေးရွာအတွက်သာမက နိုင်ငံတော်အတွက်ပါ ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပေသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ဘွေကြီးကျေးရွာသည် အနီးဆုံးဈေးအား မိုင်(၃၀) နှင့်အထက် ကွာဝေးသည့် သရက်မြို့ဈေးသို့လည်းကောင်း ၊ အကြီးစားဈေးရွက်ကို ကျေးရွာနှင့်မိုင် (၆၀) ထက် ကွာဝေးသည့် မကွေးမြို့သို့ သွားရောက်ကြရပါသည်။

ကျေးရွာ အလျား ၉၀' x အနံ ၃၆' x အမြင့် ၁၂' ပေရှိ မူလတန်းကျောင်းဆောင်ရှိပြီး ကျောင်းသားဦးရေနှင့် ဆရာ/ဆရာမအချိုးညီညွတ်မှုရှိပါသည်။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာလုံလောက်မှုမရှိဘဲ ကျောင်းအားကစားဆိုင်ရာပစ္စည်းမှာ လက်လှမ်းမီမှု အားနည်းပါသည်။

ကျေးရွာသို့ ကျေးလက်ကျန်းမာရေး ဆရာ ၊ ဆရာမများလာရောက်၍ ကာကွယ်ဆေးထိုး ခြင်း ၊ ဆေးတိုက်ကျွေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးပါသည်။

ကျေးရွာတွင် ပြည်သူများသည် သောက်သုံးရေအဖြစ် ချောင်းရေကိုသာ အဓိကအားထားနေရပြီး မိုးရာသီတွင် သောက်ရေအတွက် မိုးရေကိုသာ သောက်သုံးနေရပြီး နွေနှင့် ဆောင်းရာသီတွင် သောက်ရေအခက်အခဲများရှိပါသည်။

ကျေးရွာတွင် ယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုအများဆုံးဖြစ်ပြီး အိမ်သာမရှိသည့် အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။

ရွာတွင်းလမ်းများမှာ အဓိက မြေသားလမ်းများဖြစ်ပြီးချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများသည် အချို့ကျောက်ခင်းလမ်းများဖြစ်သော်လည်း မိုးတွင်းကာလတွင် ရွှံ့နွံများဖြင့် သွားလာရေးခက်ခဲပါသည်။ ကျေးရွာအဝင်လမ်းရှိ သဲဖြူချောင်းကိုဖြတ်ပြီး ပြုလုပ်ထားသော ရေကျော်မှာ တလုတ်ရင်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများကို သွားလာရေးလွယ်ကူစေပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားဆောင်ရွက်သည့်အတွက် လယ်ယာလုပ်ငန်းတွင် နွားလှည်းကို အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးတွင် ကားနှင့်ဆိုင်ကယ်ကို အဓိကထားအသုံးပြုကြသည်။ ကိုယ်ပိုင်ဆိုလာပြားများ တပ်ဆင်ပြီး မီးသုံးစွဲသည့် အိမ်ထောင်စု (၁၈၄)စု ရှိပါသည်။ ဒီဇယ်အင်ဂျင်အသုံးပြုသည့် အိမ်ထောင်စုအနည်းငယ်ရှိကြောင်း တွေ့ရပါသည်။

သတင်းအချက်အလက်များကို ရေဒီယို ၊ စလောင်း ၊ တီဗီများမှ အဓိကရယူကြပြီး တယ်လီဖုန်းအင်တာနက်အသုံးပြုကာ ရယူကြရသည်။ ကျေးရွာအနေဖြင့် သတင်းအချက်အလက် နှင့် ပတ်သက်၍ ဗဟုသုတနည်းပါးနေသေးသည်ကို တွေ့ရသည်။

ထို့ကြောင့် အခြေခံအဆောက်အဦးများနှင့် ဝန်ဆောင်မှုများတွင် အလုံးစုံပြီးပြည့်စုံ ကောင်းမွန်သော အခြေအနေတစ်ရပ်အဖြစ်သို့ မရောက်ရှိသေးခြင်းကြောင့် ငွေကြေး ၊ နည်းပညာ အထောက်အပံ့များ ဖြည့်ဆည်းပေးရန် လိုအပ်လျှက်ရှိကြောင်း တွေ့နိုင်သည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ဘွေကြီးကျေးရွာတွင် သမဝါယမချေးငွေလုပ်ငန်းရှိသော်လည်း တစ်ဦးလျှင် ကျပ် (၁၅၀၀၀၀) ထုတ်ချေးနိုင်ပါသည်။ စိုက်ပျိုးရေးဘဏ်မှ အတိုးနှုန်း (၅၀)ပြားဖြင့် ဇွန် ၊ ဇူလိုင်လများတွင် ချေးငွေထုတ်ချေးပေးသော်လည်း ပုံစံ(၇)တင်ပြနိုင်မှသာ ချေးငွေရရှိသဖြင့် တောင်သူ အများစုမှာ ချေးငွေမရရှိခြင်း ၊ ကျေးရွာတွင် ငွေချေးပေးသူများထံမှ အတိုးနှုန်း (၅%)ဖြင့် ချေးငွေ ရရှိသော်လည်း ပိုင်ဆိုင်သည့် မြေကွက်နှင့် သဘောတူစာချုပ် ချုပ်ဆိုရခြင်းတို့ကြောင့် ချေးငွေရရှိရန် အခက်အခဲများ ရှိနေခြင်းကြောင့် နိုင်ငံတော်အနေဖြင့် ငွေကြေးဝန်ဆောင်မှု ပေးနိုင်သော အစီအစဉ်များ ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိပါသည်။

## (င)    ပညာရေး

ဘွေကြီးကျေးရွာတွင် သက်ကြီးပိုင်း အနည်းငယ်မှလွဲ၍ အများစုသည် အခြေခံ အရေး ၊ အဖတ် ၊ အတွက်အချက်ကို တတ်မြောက်ကြပါသည်။ မူလတန်းအဆင့်ရှိသူ ကျား (၂၃၂)ဦး ၊ မ(၂၅၄)ဦး ၊ စုစုပေါင်း (၄၈၆)ဦး ၊ အလယ်တန်းအဆင့်ရှိသူ ကျား (၄၈)ဦး ၊ မ (၃၇)ဦး ၊ စုစုပေါင်း (၈၅)ဦး ၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိ ကျား (၂၂)ဦး ၊ မ (၁၅)ဦး ၊ စုစုပေါင်း (၃၇)ဦး ရှိပါသည်။

ကျေးရွာတွင် ကျောင်းသား/သူများအနေဖြင့် အထက်တန်းပညာသင်ကြားရန် ကျေးရွာမှ (၈) မိုင်ခန့် ကွာဝေးသည့် လင်းကယ်ကျေးရွာသို့ သွားရောက်ပညာသင်ကြားရသဖြင့် မိုးရာသီတွင် ချောင်းရေကြီးမှုများဖြစ်ပေါ်သည့်အတွက် သွားလာရေးခက်ခဲမှုများ ကြုံတွေ့ရပါသည်။

ကျေးရွာမှ အခြားကျေးရွာသို့ ပညာသင်ကြားရန် သွားရောက်ရသဖြင့် စရိတ်စက ကြီးမား ခြင်း ၊ သွားလာရေး ခက်ခဲခြင်းများကြောင့် မြေယာမဲ့ တောင်သူများ ၊ ကျပန်းအလုပ်သမားများ၏ ကလေးငယ်များအတွက် ပညာဆက်လက်သင်ကြားရန် အခက်အခဲများရှိနေသည်ကို တွေ့ရပါသည်။

## (စ)    ကျန်းမာရေး

ဘွေကြီးကျေးရွာအနေဖြင့် ရာသီအလိုက် ဖျားနေခြင်း ၊ အအေးမိခြင်း ၊ သွေးတိုး ၊ ဆီးချိုနှင့် ကိုယ်လက်အဆစ်အမြစ် ကိုက်ခဲသော ရောဂါများဖြစ်လေ့ရှိကြောင်း တွေ့ရသည်။ ကျေးရွာရှိ ပြည်သူများသည် ကျန်းမာရေးအတွက် ရွာနှင့် (၃) မိုင်ခန့်ကွာဝေးသောကျေးလက်ကျန်းမာရေးဌာနသို့ သွားရသော်လည်း မိုးတွင်းအခါများတွင် ဆေးခန်းသို့သွားရသည့်အခက်အခဲများရှိသည်။ တိုက်နယ်ဆေးရုံနှင့်အလှမ်းကွာဝေးသောကြောင့် ကျန်းမာရေးအတွက် အခက်အခဲများစွာ ရှိနေသေးသည်ကို တွေ့ရသည်။ ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်း တည်ဆောက်ပေးရန် လိုအပ်လျှက်ရှိကြောင်း တွေ့ရပါသည်။

## (ဆ)    ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဘွေကြီးကျေးရွာအနေဖြင့် ထိခိုက်လွယ်မှုအနေဖြင့် အနည်းငယ်သာရှိပြီး မိုးရာသီတွင် မိုးရေကြီးခြင်း ၊ ရွာ၏ဆက်သွယ်ရေးလမ်းများ ပျက်ဆီးခြင်းများကြောင့် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲခြင်း ၊ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အားကိုးရခြင်းများကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း ၊ တိရစ္ဆာန်ကူးစက်ရောဂါနှင့်ပတ်သက်၍ ခွါနာလျှာနာနှင့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ခြင်းများ တွေ့ရပါသည်။

ဘွေကြီးကျေးရွာတွင် ယာမြေများမှာ မြေဆီဩဇာအသင့်အတင့် ကောင်းမွန်ပြီး စိုက်ပျိုးရေးအတွက် အသုံးပြုရန် အသင့်အတင့်မျှသာရှိပြီး မိုးရေကိုသာ အဓိကအားထားရသောကြောင့် ရာသီဥတုဖောက်ပြန်သည့်အချိန်တွင် သီးနှံပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရခြင်း ၊ သီးနှံဖျက်ပိုးကျရောက်

မှုဒဏ်ကို နှစ်စဉ်ခံစားရခြင်း ၊ မိုးများခြင်း ၊ မိုးဆွေခြင်းများကြောင့် အချိန်ကာလကျော်လွန်စိုက်ပျိုးရခြင်းကြောင့် သီးနှံအထွက်နှုန်းနည်းပါးခြင်းနှင့် စိုက်ချိန်မမီခြင်းတို့ကို တွေ့ရပါသည်။

ဘွေကြီးကျေးရွာတွင် နှမ်း ၊ ပဲကြီး ၊ ကုလားပဲ ၊ ပဲစဉ်းငုံများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် သဘာဝမြေသြဇာအစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများလာခြင်းကြောင့် သီးနှံစိုက်ပျိုးရေးနည်းပညာများနှင့် ဝန်ဆောင်မှုများပေးရန် လိုအပ်လျှက်ရှိပါသည်။

ရာသီဥတုမမှန်ခြင်းကြောင့် လယ်ယာမြေဆုံးရှုံးမှုအနည်းငယ်ရှိနေပြီး စိုက်ပျိုးရေးအရင်းအမြစ်အနေဖြင့် မိုးရေကိုသာ အဓိကထားစိုက်ပျိုးနေရသည်။ တိရစ္ဆာန်နှင့် သီးနှံများတွင် ရောဂါပိုးမွှားကျရောက်မှုရှိပြီး ကြီးမားစွာ ဖြစ်ပေါ်ခြင်းမရှိပါ။

ဘွေကြီးကျေးရွာတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်း ၊ ရေကြီးခြင်း တို့ကို နှစ်စဉ်လိုလို တွေ့ကြုံခံစားကြရသည်။ မိုးခေါင်ခြင်း ၊ ရေကြီးခြင်းတို့ကြောင့် တောင်သူများ၏ စိုက်ခင်းများ ပျက်စီးဆုံးရှုံးခြင်း ၊ စိုက်ပျိုးစရိတ်ကြီးမြင့်ခြင်းကို ခံစားရသည်။

ထို့ကြောင့် တောင်ယာများအတွက် ဓာတုပိုးသတ်ဆေးအစား အခြားသဘာဝနည်းလမ်းများ ကို ရှာဖွေဖော်ထုတ်ပေးခြင်း ၊ အမျိုက်များကို စနစ်တကျ စွန့်ပစ်တတ်အောင် နည်းပညာများပေးခြင်း ၊ ကျေးရွာပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များကို အစားထိုးစိုက်ပျိုးရန် စနစ်ကျသော စီမံခန့်ခွဲမှုနည်းပညာများသင်ယူစေခြင်းဖြင့် တောတောင်ရေမြေ စိမ်းလန်းစိုပြေရေးကိုပါ အလိုအလျှောက် ထိန်းသိမ်းပေးရာ ရောက်စေပါမည်။

## (ဇ) ကျား – မ ရေးရာ

ကျေးရွာကပင် ရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အဖွဲ့အစည်းများ ဖွဲ့စည်းရာ တွင် ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများမှာ (၂) ဆရှိပြီး အမျိုးသမီးများမှာ (၁) ဆမျှသာ ပါဝင်ဆောင်ရွက်မှုဖြစ်ကြောင်း တွေ့ရှိရပါသည်။ မိသားစုအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ ၅၀% ပါဝင်မှုရှိသဖြင့် မျှတမှုရှိကြောင်း တွေ့ရသည်။ သို့သော် လုပ်အားခ သတ်မှတ်ရာတွင် ကျား/မ အလိုက် နေ့စား သို့မဟုတ် နေ့ပြတ်ခများ ခွဲခြားမှုရှိနေသေး သည်ကို တွေ့ရှိရပါသည်။

၅။ ဦးစားပေးစီမံချက်များ အကောင်အထည်ဖော်မည့် အချိန်ကာလ

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၈ ၂၀၁၉ | ၂၀၁၉ ၂၀၂၀ | ၂၀၂၀ ၂၀၂၁ | ၂၀၂၁ ၂၀၂၂ | ၂၀၂၂ ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | အိမ်တိုင်ရာရောက် ရေပေးရေးစနစ် ဆောင်ရွက်ခြင်း | ၁ | √ | | | | |
| ၂ | ကျေးလက်ဆေးပေးခန်းတည် ဆောက်ခြင်း၊ ကျန်းမာရေးဝန်ထမ်း တင်ပြတောင်းခံခြင်းနှင့် အသိ ပညာပေးဟောပြောပွဲများ ပြုလုပ် ခြင်း | ၂ | | √ | | | |
| ၃ | 35 Hp အင်ဂျင်၊ ၂၀ကီလိုမီးခေါင်း ဖြင့် ကျေးရွာလုံးကျွတ် မီးလင်းရေး ဆောင်ရွက်ခြင်း | ၃ | | | √ | | |
| ၄ | ကျေးရွာပိုင် စက်ရေတွင်းအား ပြန် လည်ပြုပြင်ခြင်း | ၄ | | | | √ | |
| ၅ | ရွာအဝင်လမ်းမှ ကျေးရွာတွင်းလမ်း များအား ကွန်ကရစ်ခင်းခြင်း | ၅ | | | | | √ |
| ၆ | စာကြည့်တိုက်ဆောက်လုပ်၍ မြို့နယ်ပြန်ဆက်ဦးစီးဌာနနှင့် ချိတ် ဆက်၍ ဟောပြောပွဲများပြုလုပ် ခြင်း | ၆ | | | | | √ |
| ၇ | စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက် ၍ မျိုးစေ့ဘဏ်တည်ထောင်ပြီး အသိပညာပေးဆွေးနွေးပွဲများ ကျင်းပခြင်း | ၇ | | √ | | | |
| ၈ | အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေ များထုတ်ချေးပေးနေသည့်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း | ၈ | | | | √ | |
| ၉ | အသက်မွေးဝမ်းကျောင်းအထောက် အကူပြုသင်တန်းများဖွင့်လှစ်ခြင်း | ၉ | | | | | √ |

## မင်းလှမြို့နယ် ၊ တလုတ်ရင်းကျေးရွာအုပ်စု ၊ ဘွေကြီးကျေးရွာ

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းတံတား၊လျှပ်စစ်** | | | | | |
| | ရွာအဝင်လမ်းနှင့် | -အဆင်းအတက်များ | ကျေးရွာလူထုမှလုပ်အား | - | ရွာအဝင်လမ်းမှ | ရွာအဝင်လမ်းမှ |
| | ရွာတွင်းလမ်းများမ | ခြင်း | နှင့်ငွေကြေးထည့်ဝင်နိုင် | | ကျေးရွာတွင်းလမ်း | ကျေးရွာတွင်းလမ်း |
| | ကောင်းခြင်း | -ကျေးရွာသည်ကုန်း | ခြင်း | | များအားကွန်ကရစ် | များအားကွန်ကရစ် |
| | | ပေါ်တွင်တည်ရှိခြင်း | | | ခင်းခြင်း | ခင်းခြင်း |
| | လျှပ်စစ်မီးမသုံးစွဲ | -မဟာဓါတ်အားလိုင်း | ကျေးရွာလူထုမှလုပ်အား | - | လျှပ်စစ်ဌာနနှင့်ချိတ် | 35Hp အင်ဂျင် ၊ |
| | နိုင်ခြင်း | နှင့်ဝေးခြင်း | နှင့်ငွေကြေးထည့်ဝင်နိုင် | | ဆက်ဆောင်ရွက် | ၂ဂ ကီလိုမီးခေါင်း |
| | | | ခြင်း | | ခြင်း | ဖြင့်ကျေးရွာလုံး |
| | | | | | | ကျွတ်မီးလင်းရေး |
| | | | | | | ဆောင်ရွက်ခြင်း |
| ၂ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | သောက်သုံးရေ | -ရေတွင်းသွားသည့် | ကျေးရွာလူထုမှလုပ်အား | - | အိမ်တိုင်ရာရောက် | အိမ်တိုင်ရာရောက် |
| | အလွယ်တကူမရရှိ | လမ်းမှာအတက် | နှင့်ငွေကြေးထည့်ဝင်နိုင် | | ရေပေးရေးစနစ် | ရေပေးရေးစနစ် |
| | ခြင်း | အဆင်းမလွယ်ကူခြင်း | ခြင်း | | ဆောင်ရွက်ခြင်း | ဆောင်ရွက်ခြင်း |
| | | | ရေစုကန်တည်ရန်မြေ | | | ကျေးရွာပိုင်စက်ရေ |
| | | | နေရာရှိခြင်း | | | တွင်းအား ပြန် |
| | | | စိမ့်တွင်းတူးဖော်နိုင်သည့် | | | လည်ပြုပြင်ခြင်း |
| | | | နေရာရှိခြင်း | | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | **စိုက်ပျိုးရေးနှင့် မွေးမြူရေး** | | | | | |
| | သီးနှံအထွက်နှုန်း | -ရာသီဥတုမမှန်ခြင်း | နည်းပညာအထောက် | ကွင်းဆင်းဝန်ထမ်း | လယ်/ဆည်ဌာနနှင့် | စိုက်ပျိုးရေးဦးစီး |
| | မကောင်းခြင်း | -စိုက်ပျိုးရေးအသိ | အပံ့များပေးပါကတောင် | လာရောက်မှုအား | ချိတ်ဆက်ဆောင် | ဌာနနှင့်ချိတ်ဆက်၍ |
| | | ပညာဗဟုသုတနည်း | သူများဘက်မှ စိတ်ပါဝင် | နည်းခြင်း | ရွက်ခြင်း | မျိုးစေ့ဘဏ်တည် |
| | | ပါးခြင်း | စားမှုရှိခြင်း | | | ထောင်ပြီးအသိပညာ |
| | | -စိုက်ပျိုးရေးစရိတ် | စိုက်ပျိုးရေးအတွက်အမြဲ | | | ပေးဆွေးနွေးပွဲများ |
| | | ကြီးမြင့်ခြင်း | မပြတ်စီးဆင်းနေသော | | | ကျင်းပခြင်း |
| | | -စိုက်ပျိုးရေးချေးငွေ | ချောင်းရေရှိခြင်း | | | |
| | | မလုံလောက်ခြင်း | | | | |
| | | -မျိုးကောင်းမျိုးသန့် | | | | |
| | | ဈေးနှုန်းကြီးမြင့်ခြင်း | | | | |
| | | -သီးနှံဖျက်ပိုးများကျ | | | | |
| | | ရောက်ခြင်း | | | | |
| ၄ | **ကျန်းမာရေး** | | | | | |
| | ရာသီအလိုက်ဖြစ် | -ရာသီဥတုကရောဂါ | မြေနေရာရှိခြင်း | - | ကျန်းမာရေးဆိုင်ရာ | ကျေးလက်ဆေးပေး |
| | သောရောဂါများ | ဖြစ်မှုကိုအားပေးနေ | | | အဆောက်အဦ ၊ | ခန်းတည်ဆောက် |
| | ဖြစ်ခြင်း | ခြင်း | | | ပစ္စည်းကိရိယာများ | ခြင်း၊ကျန်းမာရေး |
| | | -ကျန်းမာရေးဆိုင်ရာ | | | ပြည့်စုံစွာဖြည့်ဆည်း | ဝန်ထမ်းတင်ပြ |
| | | အသိအားနည်းခြင်း | | | ခြင်း | တောင်းခံခြင်းနှင့် |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄ | **ကျန်းမာရေး** | | | | | |
| | | -အခြေခံပညာအား | | | လစ်လပ်ကျန်းမာရေး | အသိပညာပေးဟော |
| | | နည်းခြင်း | | | ဝန်ထမ်းများခန့်ထား | ပြောပွဲများပြုလုပ် |
| | | | | | ပေးရန်တောင်းခံ | ခြင်း |
| | | | | | ခြင်း | |
| ၅ | **ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ဘဏ်** | | | | | |
| | ကျပန်းလုပ်သား | -အလုပ်အကိုင်များ | ကျေးရွာလူထုမှစိတ်ဝင် | ကျပန်းလုပ်သား | လက်ရှိအစိုးရဌာန | အတိုးနှုန်းသက်သာ |
| | များလုပ်အားခ | ရှားပါး၍ဆင်းရဲခြင်း | စားမှုရှိခြင်း | များအတွက်အတိုး | များမှထုတ်ချေးနေ | စွာဖြင့်ချေးငွေများ |
| | များကြိုထုတ်သုံး | -အသိပညာဗဟုသုတ | ကိုယ်ပိုင်နေအိမ်ခြံကွက် | နှုန်းသက်သာစွာ | သည့်ချေးငွေစီမံကိန်း | ထုတ်ချေးပေးနေ |
| | စွဲခြင်း၊အတိုးနှုန်း | နည်းပါးခြင်း | များရှိခြင်း | နှင့်လုံခြုံစွာချေး | ချထားပေးရန် | သည့်ဌာနဆိုင်ရာ |
| | များကြီးခြင်း | -ပိုင်ဆိုင်မှုသက်သေခံ | | ပေးနိုင်သောအဖွဲ့ | ခံခြင်း | အဖွဲ့အစည်းများနှင့် |
| | | ပစ္စည်းမရှိ၍ အစိုးရ | | အစည်းမရှိခြင်း | | ချိတ်ဆက်ဆောင် |
| | | ထံပေါင်နှံလှည့်လည် | | | | ရွက်ခြင်း |
| | | သုံးစွဲ၍မရခြင်း | | | | |
| ၆ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| | အလုပ်အကိုင်အ | -ပုံမှန်ဝင်ငွေရ လုပ် | လူငယ်များမှ စိတ်အား | သင်တန်းတက် | ကျေးလက်ဦးစီးနှင့် | အသက်မွေးဝမ်း |
| | ခွင့်အလမ်းရှားပါး | ငန်းမရှိခြင်း | ထက်သန်မှုရှိခြင်း | ရောက်ရန်ငွေကြေး | ချိတ်ဆက်ခြင်း | ကျောင်းအထောက် |
| | ခြင်း | -လက်မှုပညာမတတ် | | မတတ်နိုင်ခြင်း | | အကူပြုသင်တန်း |
| | | ခြင်း | | ချိတ်ဆက်ရမည့် | | များဖွင့်လှစ်ခြင်း |
| | | | | နေရာမသိရှိခြင်း | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| | အသိပညာဗဟု | -ဖတ်စရာစာအုပ် ၊ | လူငယ်များမှစိတ်ပါဝင် | ရန်ပုံငွေမရှိခြင်း | မြို့နယ်ပြန်ဆက်ဦး | စာကြည့်တိုက် |
| | သုတနည်းပါးခြင်း | စာနယ်ဇင်း၊သတင်း | စားမှုရှိခြင်း | | စီးဌာနနှင့်ချိတ်ဆက် | ဆောက်လုပ်၍ |
| | | စာမရှိခြင်း | မြေနေရာရှိခြင်း | | ၍စာကြည့်တိုက် | မြို့နယ်ပြန်ဆက်ဦး |
| | | -စာဖတ်သည့်အလေ့ | | | တည်ဆောက်ခြင်း | စီးဌာနနှင့်ချိတ်ဆက် |
| | | အထမရှိခြင်း | | | | ၍ဟောပြောပွဲများ |
| | | | | | | ပြုလုပ်ခြင်း |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၀ | ၃ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၆ | ၁၆ | ၃၂ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၆ | ၂၀ | ၄၆ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၄ | ၄၃ | ၇၇ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၄၁ | ၃၃၄ | ၆၇၅ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၃ | ၄၄ | ၇၇ |
| **စုစုပေါင်း** | | ၄၅၃ | ၄၅၇ | ၉၁၀ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၂၀၉ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လူဦးရေ အိမ်ထောင်စု(၁)စုလျှင် ပျှမ်းမျှ(၄)ဦးထက်မကရှိပါသည်။ (၁)နှစ်အောက်ကလေးငယ်(၃)ဦးနှင့် လက်ကြီးရွယ်အို(၇၇)ဦးရှိပါပြီး မူလတန်းအလယ်တန်းကျောင်းသား

အရွယ်ဦးရေ(၁၁၈)ဦး ရှိပါသည်။ အလုပ်လုပ်ကိုင်သည့်အရွယ် (၆၇၅)ဦးရှိပြီး အများစုသည်အလယ်တန်းအထိ ပညာသင်ခဲ့ပါသည်။ အလုပ်လုပ်ကိုင်နိုင်သည့်အရွယ်များသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် လုပ်သားအင်အားရရှိနိုင်ပါသည်။

**(ခ)အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၇၃ | ၂၆၄ | ၀ | မြင့် ☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၃၃ | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၄ | ၀ | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐ လတ်☐ နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၆ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၃ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အိမ်ထောင်စု(၁၀၉)စုရှိသည်။ တောင်သူလုပ်ငန်းလုပ်ကိုင်နေသည့် အိမ်ထောင်စု(၁၇၃)စုကျော်ရှိပြီး ကျန်ရှိနေသည့် အိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်း အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ် ကိုင်ကြပါသည်။ ကျေးရွာအတွင်းရှိ လူငယ် အများစုသည် ပြည်ပနိုင်ငံများသို့ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်နေကြပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ကိုယ်ပိုင်လုပ်ငန်းမရှိသည့် ကျေးရွာသူ/သားများအနေဖြင့် စိုက်ပျိုးရေးနှင့် လက်မှုလုပ်ငန်းများတွင် ကျား၊မ အလိုက် နေ့စားခများ ခွဲခြားမှုရှိနေသည်ကို တွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၈၀.၅၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၅၄၅.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၄၆.၅၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| မြေလွတ်မြေလပ် | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၈၇၂ | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ဧရိယာ စုစုပေါင်း (၈၇၂) ဧကရှိသည့်အနက် လယ်မြေ (၂၈၀.၅) ဧက ရှိသော်လည်း အချို့နေရာများတွင် မြေပြင်ညီညွတ်မှုမရှိသောကြောင့် စိုက်ပျိုးရာတွင် အခက်အခဲများ ရှိပါသည်။ စားကျက်မြေ (၄၆.၅) ဧကသည် အချို့နေရာများတွင် အင်တိုင်းမြေများ ဖြစ်ကြပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☑ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။သဘာဝဆေးဘက်ဝင်အပင်များ ပေါများသော်လည်း အသိပညာ ၊ ဗဟုသုတနည်းခြင်းတို့ကြောင့် အသုံးချနိုင်မှု အားနည်းပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၈၁ | ၉၄ | ၂၁ | ၁၃ |

**ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ အိမ်ထောင်စုများသည် တောင်သူလုပ်ငန်းကို လုပ်ကိုင်ကြပြီး အလယ်အလတ်အဆင့်နှင့် အဆင်မပြေသောအဆင့်ရှိ အိမ်ထောင်စုများသည် ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြပြီး အလွန်အဆင်မပြေသော အိမ်ထောင်စုများအနေဖြင့် ကျေးရွာတွင် ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာ ဖူလုံမှု | ဝ | အခြားအစာပြောင်းလဲစား =ဝ<br>အစာလျှော့စား =ဝ<br>အထောက်အပံ့ယူ =ဝ<br>ချေးယူ =ဝ<br>လုပ်အားခကြိုယူ =ဝ |
| ၃လနှင့်၆လကြား၀ | ဝ | အခြားအစာပြောင်းလဲစား =ဝ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| မ်းစာဖူလုံမှု | | အစာလျှော့စား =၀<br>အထောက်အပံ့ယူ =၀<br>ချေးယူ =၀<br>လုပ်အားခကြိုယူ =၀ |
| ဖလမှ၁၂လအထိဝမ်းစာဖူလုံမှု | ၀ | အခြားအစာပြောင်းလဲစား =၀<br>အစာလျှော့စား =၀<br>အထောက်အပံ့ယူ =၀<br>ချေးယူ =၀<br>လုပ်အားခကြိုယူ =၀ |

**ရင်းမြစ်..ဉစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - နွေရာသီတွင် အလုပ်အကိုင် ရှားပါးသော်လည်း ထိုင်း ၊ မလေးရှားနှင့် အခြားပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင် ထောက်ပံ့ပေးနေမှုကြောင့် ကျေးရွာရှိ မပြေလည်သော အိမ်ထောင်စုများအနေဖြင့် စားဝတ်နေရေး ၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် ဝမ်းစာဖူလုံမှုများ ရှိသည်ကို တွေ့ရှိရပါသည်။

**(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | ၀ | ၀ | ၀ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | ၀ | ၀ | ၀ |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | ၀ |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | ၁ |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | ၁ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အသက် (၆၀) နှစ်အထက် သက်ကြီးရွယ်အို (၇၇) ဦး ၊ ဆင်းရဲပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ ရှိသော်လည်း သားသမီးများ၏ ကူညီထောက်ပံ့မှုများကြောင့် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှု အခြေအနေမှာ သာမန်သာ ဖြစ်ပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | **ထိခိုက်လွယ်မှု**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☑ နိမ့် |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| | | ☐ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

